# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
# ဘဏ္ဍာရေးဝန်ကြီးဌာန
# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
# ၂၀၁၅ ခုနှစ် ၊ မတ်လ ၁၁ ရက်
# ကြေညာချက်အမှတ် (၃/၂၀၁၅)

## ငွေပေးချေမှုဆောင်ရွက်မည့်ဘဏ်အတွက် စံ သတ်မှတ်ချက်များထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) သည် ရန်ကုန်စတော့အိပ်ချိန်း၏ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်မှုဆိုင်ရာလုပ် ဆောင်ချက်များအတွက် ငွေပေးချေမှုဆောင်ရွက်မည့်ဘဏ်အဖြစ် ဆောင်ရွက်ရန် အောက်ပါ စံ သတ်မှတ်ချက်များကို ထုတ်ပြန်လိုက်သည်။

၂။ ဘဏ္ဍာရေးဆိုင်ရာ ကိုက်ညီရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ငွေပေးချေမှုဆောင်ရွက်မည့် ဘဏ်သည် အောက်ပါအချက် (၁) မှ (၈) အထိ ကိုက်ညီမှု ရှိရမည်-

| | | |
|---|---|---|
| (၁) | အနည်းဆုံးထည့်ဝင်ပြီးမတည်ရင်းနှီးငွေ | ကျပ် (၁၅) ဘီလီယံ |
| (၂) | အနည်းဆုံးအပ်နှံငွေပမာဏ | ကျပ် (၅၀) ဘီလီယံ |
| (၃) | အနည်းဆုံးထုတ်ချေးထားငွေပမာဏ | ကျပ် (၁၀) ဘီလီယံ |
| (၄) | အနည်းဆုံးဘဏ်ခွဲအရေအတွက် | ဘဏ်ခွဲ (၂၀) ခု |
| (၅) | အနည်းဆုံးဖောက်သည်စာရင်းဦးရေအရေအတွက် | (၁၀, ၀၀၀ )စာရင်း |
| (၆) | အနည်းဆုံးရင်းနှီးငွေလုံလောက်မှုအချိုး | ၁၀% |
| (၇) | အနည်းဆုံးငွေဖြစ်လွယ်မှုအချိုး | ၂၀ % |
| (၈) | အနည်းဆုံးလျာထားငွေအချိုး | ၁၀ % |

၃။ **အခြားကိုက်ညီရမည့်အချက်များ**

(က) **လုပ်ငန်းပိုင်းဆိုင်ရာစွမ်းဆောင်ရည်ရှိမှု**

(၁) ငွေပေးချေမှုပြုလုပ်ဆောင်ရွက်မည့် ဌာနစိတ်အား YSX နှင့် နီးကပ်သော နေရာတွင် ထားရှိခြင်း၊

(၂) YSX နှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ စာရင်းရှင်စာရင်း ဖွင့်လှစ်နိုင်ခြင်း၊

(၃) YSX ၏ လုပ်ငန်းနည်းဥပဒေများအရ ငွေပေးချေခြင်း လုပ်ဆောင်ချက်များကို နှောင့်နှေးမှု မရှိစေဘဲ လက်ခံနိုင်/ ပေးချေနိုင်ခြင်း၊

(၄) အာမခံထားရှိခြင်းအတွက်နှောင့်နှေးမှုမရှိစေဘဲ အပ်နှံငွေကိုလက်ခံနိုင်ခြင်း နှင့် ပြန်ထုတ်ပေးနိုင်ခြင်း၊

(၅) ပါဝင်ရောင်းဝယ် ဆောင်ရွက်သူမှ ငွေမပေးဆပ်နိုင်သည့် အခြေအနေတွင် စွမ်းဆောင်နိုင်ခြင်း၊

(၆) YSX ၏ ရငွေများကို လက်ခံဆောင်ရွက်ပေးနိုင်ခြင်း၊

(၇) စာရင်းဝင်ကုမ္ပဏီများ၏ ရှယ်ယာရှင်များအတွက် ကုမ္ပဏီကိုယ်စား အမြတ် ဝေစု ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခြင်း။

(ခ) **ICT ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ရှိမှု**

(၁) YSX မှ ပေးပို့သော စာရင်းပြောင်း အချက်အလက်များကို အသုံးပြုနိုင်စွမ်းရှိခြင်း၊

(၂) စာရင်းများအား ထိန်းချုပ်စီမံနိုင်သော ကောင်းမွန်ပြည့်စုံသည့် ICT စနစ် ရှိခြင်း၊

(၃) ICT စနစ်နှင့် ဘဏ်၏ ဆက်သွယ်ရေးကွန်ယက်ကို အသုံးပြု၍ အခြားဘဏ်တစ်ခုသို့ စာရင်းလွှဲပြောင်းနိုင်စွမ်းရှိခြင်းနှင့် လွှဲပြောင်းနိုင်ခြင်း။

၄။ ငွေပေးချေဆောင်ရွက်မည့် ဘဏ်အဖြစ် လုပ်ဆောင်ရန် စိတ်ဝင်စားသော ဘဏ်များသည် SECM သို့တင်ပြလျှောက်ထားရမည်။ လျှောက်လွှာပုံစံများကို SECM ရုံးတွင် ရရှိနိုင်ပြီး ၂၀၁၅ ခုနှစ် မတ်လ (၁၁) ရက်နေ့မှ (၃၁) ရက်နေ့အတွင်း လျှောက်ထားနိုင်သည်။

၅။ လျှောက်လွှာများ လက်ခံရရှိပြီးပါက SECM နှင် YSX သည် ငွေပေးချေခြင်းလုပ်ငန်းနှင့် ၎င်း၏ ဆောင်ရွက်ချက်များအတွက် အသေးစိတ်အချက်အလက်များပါဝင်သော RFP ပုံစံကို ဘဏ်များအား မတ်လ (၃၁) ရက်နေ့ နောက်ဆုံးထား၍ ဖြည့်စွက်စေပြီး ရွေးချယ်ရေးလုပ်ငန်းစဉ် အတွင်း သက်ဆိုင်ရာဘဏ်များ၏ စီမံခန့်ခွဲမှုအဖွဲ့နှင့် ဝန်ထမ်းများအား အတန်သင့်တွေ့ဆုံ စစ်ဆေးမည်ဖြစ်သည်။ SECM နှင့် YSX သည် ၂၀၁၅ ခုနှစ် ဧပြီလကုန်တွင် ဘဏ်တစ်ခုအား ငွေပေးချေဆောင်ရွက်မည့် ဘဏ်အဖြစ်ရွေးချယ်မည် ဖြစ်သည်။

၆။ YSX ၌ အရောင်းအဝယ်ပြီးမြောက်ပြီးနောက် ငွေပေးချေဆောင်ရွက်ခြင်းအတွက် ပေးချေရန် ရွေးချယ်သတ်မှတ်ထားသည့် ဘဏ်မှ ကိုင်ကွယ်ဆောင်ရွက်ရမည်။

၇။ ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) DVP စနစ်အရ ပေးချေမှုအတွက် ငွေလက်ခံခြင်းနှင့်ငွေပေးချေခြင်း၊

(၂) အာမခံပုံစံအမျိုးမျိုး ထားရှိခြင်းအတွက် အပ်နှံငွေကို လက်ခံခြင်းနှင့် ပြန်ထုတ်ပေးခြင်း၊

(၃) ပါဝင်ရောင်းဝယ်ဆောင်ရွက်သူ (ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ) မှ ငွေမပေးဆပ်နိုင်သည့် အခြေအနေတွင် ငွေဖြစ်လွယ်မှုအား ပံ့ပိုးပေးခြင်းကဲ့သို့ ဆောင်ရွက်ခြင်း၊

(၄) ရငွေအမျိုးမျိုးကို လက်ခံဆောင်ရွက်ပေးခြင်း၊

(၅) စာရင်းဝင်ကုမ္ပဏီကိုယ်စား ရှယ်ယာရှင်များအတွက်အမြတ်ဝေစုပေးခြင်း။

၈။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၊ အမှတ်(၂၁/၂၅)၊ဆူးလေဘုရားလမ်း၊မြန်မာစီးပွားရေးဘဏ်အဆောက်အဦ၊ ပန်းဘဲတန်းမြို့နယ်၊ ဖုန်းနံပါတ် (၀၁-၁၂၂၀၈၃၆ နှင့် ၀၉-၂၅၁၁၆၉၃၄၇) တို့ကို ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပါသည်။